Center for Diversity and National Harmony

Daily News Letter

No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar

အတွဲ (၁)၊ အမှတ် (၂၈၂)　　　　　နေ့စွဲ။ ၁၄.၁၁.၂၀၁၅ (စနေနေ့)

| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၁၄.၁၁.၁၅ | 7 Day Daily N0 (917) p (3) | ဦးသိန်းစိန် | **သမ္မတဦးသိန်းစိန် နိုင်ငံရေးပါတီခေါင်းဆောင်များနှင့် တွေ့ဆုံမည်** လက်ရှိ နိုင်ငံရေးအခြေအနေများနှင့်ပတ်သက်၍ သမ္မတ ဦးသိန်းစိန်က နိုင်ငံရေးပါတီခေါင်းဆောင်များနှင့် နိုဝင်ဘာ ၁၅ ရက်တွင် ရန်ကုန်မြို့တွင်တွေ့ဆုံရန် နိုင်ငံရေးပါတီများကို ဖိတ်ကြားထားကြောင်းသိရသည်။ ယင်းတွေ့ဆုံပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီ တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများပါဝင်မည်ဖြစ်သည်။ တွေ့ဆုံပွဲတွင် နိုင်ငံတော်တွင်း လက်ရှိဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်ပြီး ကျင်းပပြုလုပ်ခြင်းဖြစ်သည်ဟု ထည့်သွင်းရေးသားထားကြောင်း အမျိုးသားဒီမိုကရေစီပါတီသစ် အတွင်းရေးမှူး ဦးကျော်ကပြောသည်။ တွေ့ဆုံပွဲတွင် ရွေးကောက်ပွဲရလဒ်အကြောင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း သမ္မတက ဆွေးနွေးမည်ဖြစ်ကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေကပြောသည်။ သို့ရာတွင် သမ္မတအနေဖြင့် ရွေးကောက်ပွဲတွင် ရောအများဆုံး အနိုင်ရပါတီနှင့် ရှေးဦးစွာ တွေ့ဆုံမှုပြုလုပ်ပြီးမှသာ အခြားသောပါတီနှင့် တွေ့ဆုံသင့်ကြောင်း နိုင်ငံရေးဆောင်းပါးရေးသားသူ ဒေါက်တာရန်မျိုးသိမ်းကပြောသည်။<br>ရန်မျိုးနိုင် |
| ၂ | ၁၄.၁၁.၁၅ | Daily Eleven Pg (16, 17) | ဒေါ်အောင်ဆန်းစုကြည် | **ရွေးကောက်ပွဲကိစ္စများ မပြီးစီးသေးသဖြင့် လာမည့် လများအတွင်း ပြည်သူများ ကိုယ့်စိတ်ကိုယ်နိုင် အောင်ထိန်းကာ ဆူပူလှုံ့ဆော်မှုများကိုသတိထားရန် ဒေါ်အောင်ဆန်းစုကြည်သတိပေး** ရွေးကောက်ပွဲကိစ္စများ မပြီးပြတ်သေးသဖြင့် လာမည့် ကာလများအတွင်း ပြည်သူလူထုအနေဖြင့် ကိုယ့်စိတ်ကိုယ်ထိန်းကာ ဆူပူလှုံ့ဆော်မှုများအားသတိထားရန် ဒေါ်အောင်ဆန်းစုကြည်က RFA သတင်းဌာနက နိုဝင်ဘာ ၁၂ ရက်နေ့က ထုတ်လွှင့်သည့် **'ဒီမိုကရေစီခရီးကြမ်းနှင့် ဒေါ်အောင်ဆန်းစုကြည်'** အစီအစဉ်တွင် သတိပေးပြောကြားခဲ့သည်။ ကိုယ့်လမ်းကိုယ် လျှောက်နေသည့် အချိန်တွင် ဘေးမှအဖျက်ရန်သူများရှိလာနိုင်ကြောင်း၊ အားလုံး ညီညီညွတ်ညွတ်၊ တစ်ဦးအပေါ်တစ်ဦး ယုံကြည်နားလည်မှုထား |

| | | | | |
|---|---|---|---|---|
| | | | | ပြီး တည်တည်ငြိမ်ငြိမ်ဖြင့် ပန်းတိုင်သို့ရောက်ရှိရန် အင်မတန်အရေးကြီးသည်ဟု ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။ ကြံ့ခိုင်ရေးပါတီ ထိပ်ပိုင်းခေါင်းဆောင်အချို့မှ ရှုံးနိမ့်ခဲ့ခြင်းများကို ဝန်ခံပြီး ပြိုင်ဘက် ကိုယ်စားလှယ်များကို ထုတ်ဖော်ဂုဏ်ပြုခဲ့ခြင်းနှင့် ပတ်သက်၍လည်း သိက္ခာရှိသည့် နိုင်ငံရေးလုပ်ရပ်ဖြစ်ပြီး ရိုးသားသဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။ |
| ၃ | ၁၄.၁၁.၁၅ | Daily Eleven Pg (3) | Election | **မြန်မာ့ရွေးကောက်ပွဲအပြီး တရုတ်နိုင်ငံနှင့် ကောင်းမွန်သောဆက်ဆံရေး ဆက်လက်ထားရှိမည်ဟု ယုံကြည်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးပြော**<br>မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကို ဝမ်းသာကြောင်းနှင့် ရွေးကောက်ပွဲအပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကောင်းမွန်သောဆက်ဆံရေး ဆက်လက်ထားရှိမည်ဟု ယုံကြည်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး Wang Yi က မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တွေ့ဆုံပြောကြားခဲ့သည်။ အိမ်နီးချင်းအကောင်းအနေဖြင့် မြန်မာနိုင်ငံအား နိုင်ငံတွင်း မတူညီသောပါတီများအကြား အတူတကွပူးပေါင်းလုပ်ကိုင်ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတက်ရေးကို လိုလားကြောင်းလည်းပြောခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ထောက်ပံ့ကူညီ ပေးသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် နည်းလမ်းအချို့ကို ပြောင်းလဲလုပ်ဆောင်သွားမည်ဟုလည်း ပြောကြားသည်။ |
| ၄ | ၁၄.၁၁.၁၅ | 7 Day Daily N0 (917) p (1,2) | Eelection | **ဒီချုပ် အစိုးရဖွဲ့နိုင်ပြီ**<br>UEC မှ နိုဝင်ဘာ ၁၃ ရက်ထိကြေညာပြီးခဲ့သော ရွေးကောက်ပွဲရလဒ်များအရ NLD က အစိုးရဖွဲ့နိုင်သောအရေအတွက်ထက်ပို၍ ပြည်ထောင်စုလွှတ်တော်နေရာ ၃၇၈ နေရာ ရရှိသွားပြီဖြစ်သည်။ နိုဝင်ဘာ ၁၃ ရက်အထိ လွှတ်တော်နှစ်ရပ်အတွက် ၄၆၈ နေရာ ကြေညာပြီးချိန်တွင် ဒီချုပ်က ၃၇၈ ဦး ရရှိထားခြင်းဖြစ်၍ ၈၀ ရာခိုင်နှုန်း အနိုင်ရရှိထားခြင်းဖြစ်သည်။ နိုဝင်ဘာ ၁၃ ရက်အထိ ပြည်သူ့လွှတ်တော်တွင် ၃၀၈ ဦး၊ အမျိုးသားလွှတ်တော်တွင် ၁၆၀ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၆၀၀ ဦး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ၂၁ ဦး ကြေညာပြီးဖြစ်ပြီး စုစုပေါင်း လွှတ်တော် ကိုယ်စားလှယ် ၁၀၈၉ ဦး ကြေညာခဲ့ပြီးဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ် ၁၁၅၀ ဦးရှိရာ ၉၄ ဒသမ ၇၀ ရာခိုင်နှုန်းကြေညာပြီးစီးခဲ့ပြီးဖြစ်ကာ ထပ်မံကြေညာရန် ပြည်သူ့လွှတ်တော်တွင် ၁၅ ဦး၊ အမျိုးသားလွှတ်တော်တွင် ၈ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တွင် ၃၀ ဦး၊ တိုင်းရင်းသားလူမျိုး ၈ ဦး စုစုပေါင်း ၆၁ ဦးသာ ကျန်ရှိတော့သည်။<br>ရန်ကုန် |

| | | | | |
|---|---|---|---|---|
| ၅ | ၁၄.၁၁.၁၅ | 7 Day Daily N0 (917) p (9) | Eelection | **ပါတီငယ်များ စုပေါင်း၍ တပ်ပေါင်းစုဖွဲ့စည်းရန် စီစဉ်မည်ဟု ဦးသိန်းညွှန့်ပြော**<br>လာမည့်ရွေးကောက်ပွဲတွင် တတိယအင်အားအဖြစ် ပါဝင်နိုင်ရေးရည်ရွယ်ကာ မူဝါဒများတူညီသော ဒီမိုကရေစီအင်အားစုပါတီငယ်များစုပေါင်း၍ တပ်ပေါင်းစုတစ်ခု ဖွဲ့စည်းတည်ထောင်ရန် လုပ်ဆောင်မည်ဖြစ်ကြောင်း လက်ရှိပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမျိုးသားဒီမိုကရေစီပါတီသစ်ဥက္ကဋ္ဌ ဦးသိန်းညွှန့်ကပြောသည်။ တပ်ပေါင်းစုဆောင်ရွက်နိုင်ရေး လက်ရှိနိုင်ငံရေးပါတီ ဥပဒေများကို ပြင်ဆင်နိုင်ရေးဆောင်ရွက်မည်ဖြစ်ပြီး ယင်းဥပဒေတွင် တပ်ပေါင်းစုကို နိုင်ငံရေးပါတီအဖြစ် သတ်မှတ်နိုင်ရေး အချက်အား ပြင်ဆင်ထည့်သွင်းမည်ဖြစ်ကာ တပ်ပေါင်းစုဖွဲ့စည်းနိုင်ရေးအတွက် NDF ပါတီ၊ ဝါရင့်နိုင်ငံရေးသမားကြီး ဦးသုဝေ ဦးဆောင်သည့် ဒီမိုကရက်တစ်ပါတီ (မြန်မာ) တို့နှင့် ဦးစွာဆွေးနွေးမည်ဖြစ်သည်။ လက်ရှိတွင် တပ်ပေါင်းစုတစ်ရပ်ဖွဲ့စည်း ဆောင်ရွက်သင့်သည်မှာအမှန်ဖြစ်ပြီး မူဝါဒကိုအခြေခံဖွဲ့စည်းသော အတိုက်အခံအင်အားစုဖြစ်စေချင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းကဆိုသည်။<br>မင်းဟိန်းကျော် |
| ၆ | ၁၄.၁၁.၁၅ | 7 Day Daily N0 (917) p (1,2) | Eelection | **အမေရိကန်သံအမတ်ကြီး တပ်ချုပ်၊ဦးတင်အေးနှင့် သူရဦးရွှေမန်းတို့ကို တစ်ရက်တည်းတွေ့ဆုံ**<br>မြန်မာနိုင်ငံသို့ အမေရိကန်သမ္မတ ဘားရက်အိုဘားမား လာမည်ဟု သတင်းများ ထွက်ပေါ်နေချိန် တွင်မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဒဲရစ်မစ်ချယ်လ်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတို့ကို နိုဝင်ဘာ ၁၃ ရက်တွင် ဆက်တိုက်တွေ့ဆုံခဲ့သည်။ သမ္မတအိုဘားမားအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည်ဟု သတင်းများထွက်ပေါ်နေပြီး နိုဝင်ဘာ ၂၂ ရက်တွင် အာဆီယံဒေသတွင်းနိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံသို့ အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်စည်းအဝေးများတက်ရောက်ရန် သွားရောက်ရမည်ဖြစ်သောကြောင့် သမ္မတဦးသိန်းစိန်နှင့် ယင်းအစည်းအဝေးတွင် တွေ့ဆုံမည်ဖြစ်သည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံရာတွင် အမေရိကန်ပြည်ထောင်စုနှင့် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးရလဒ်များ ထွက်ပေါ်လာနိုင်မှုတို့ကို ဆွေးနွေးပြီး သူရဦးရွှေမန်းနှင့် မွန်းလွဲ ၃ နာရီခန့်က တွေ့ဆုံခဲ့သည်။<br>အေးသူစံ၊ ပိုင်စိုးသူ၊ ရဲနိုင် |

| | | | | |
|---|---|---|---|---|
| ၇ | ၁၄.၁၁.၁၅ | 7 Day Daily N0 (917) p (31) | Eelection | **ဖိုမီးဒီမိုကရေစီအဖွဲ့ချုပ်ရှုံးနိမ့်ခြင်းမှာ ဒီချုပ်က မဲမပေးရန် ပြောထားသောကြောင့်ဟုဆို**<br>မဲဆန္ဒနယ် ၁၂ နေရာတွင် ယှဉ်ပြိုင်သော ဖိုမီး ဒီမိုကရေစီအဖွဲ့ချုပ်သည် တီးတိန်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) တင် ရှုံးနိမ့်ရခြင်းမှာ မဲဆွယ်စည်းရုံးရေးကာလတွင် တီးတိန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်လောင်းက မဲမပေးရန် ပြောဆိုခြင်းကြောင့်ဖြစ်ကြောင်း ဖိုမီးဒီမိုကရေစီအဖွဲ့ချုပ်အတွင်းရေးမှူး ဦးဂင်ကမ်းလျှန်ကပြောသည်။ ဖိုမီးဒီမိုကရေစီအဖွဲ့ချုပ်က တီးတိန်မြို့နယ်တွင် NLD မှ ဝင်မပြိုင်ရန်ပြောထားခဲ့ပြီး ယခုယှဉ်ပြိုင်သူများကိုလည်း အသိအမှတ်မပြုကြောင်း၊ မဲပေးပါက ၄င်းတို့ကို မဲပေးရန်တိုက်တွန်းခဲ့ကြောင်း တီးတိန်မြို့ကနယ်တွင် NLD နိုင်ရခြင်းမှာ လွှတ်တော်မဲဆန္ဒနယ်အပြည့် မပြိုင်သောကြောင့်ဖြစ်ကြောင်း NLD မှ ယှဉ်ပြိုင်သည့် ရှုံးနိမ့်သွားသော လွှတ်တော်ကိုယ်စားလှယ် ဦးထန်ဒိုးလျန်ကပြောသည်။ ချင်းပြည်နယ်တွင် ချင်းပါတီများယှဉ်ပြိုင်ခဲ့သော်လည်း ဖိုမီးဒီမိုကရေစီအဖွဲ့ချုပ် ပါတီတစ်ခုတည်းသာအနိုင်ရရှိခဲ့ပြီး ကျန်ပါတီများ ရှုံးနိမ့်ခဲ့ရသည်။ မဲအများဆုံးအနိုင်ရရှိသည့်ပါတီမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဖြစ်သည်။<br>အိဖြူမွန် |
| ၈ | ၁၄.၁၁.၁၅ | Daily Eleven Pg (6) | လွှတ်တော် | **ရွေးကောက်ပွဲရလဒ်များကိုအခြေပြု၍ လွှတ်တော်အစည်းအဝေးများခေါ်ယူကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်ရုံးသတင်းထုတ်ပြန်**<br>ရွေးကောက်ပွဲရလဒ်များကိုအခြေပြု၍ လွှတ်တော်အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်ရုံးက နိုဝင်ဘာ ၃ ရက်နေ့က သတင်းထုတ်ပြန်လိုက်သည်။ ထုတ်ပြန်ချက်၌ အထွေထွေရွေးကောက်ပွဲကြီးအား နိုင်ငံတစ်ဝန်းတည်တည်ငြိမ်ငြိမ်ဖြင့် အောင်မြင်စွာကျင်းပနိုင်ကြောင်း၊ ရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့ကြသူများအားလုံးကို ချီးကျူးဂုဏ်ပြုကြောင်းနှင့် ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်ရေး လုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပူးပေါင်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ |

| | | | | |
|---|---|---|---|---|
| ၉ | ၁၄.၁၁.၁၅ | Daily Eleven Pg (4) | တပ်မတော် | **ရွေးကောက်ပွဲရလဒ်ကြောင့် တပ်မတော်အနေဖြင့် နောက်ကြောင်းပြန်လှည့်ရန်မရှိဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြော**<br>တပ်မတော်အနေဖြင့် ရွေးကောက်ပွဲရလဒ်ကြောင့်ဖြစ်စေ၊ အခြားတစ်ခုခုကြောင့်ဖြစ်စေ နောက်ကြောင်းပြန်လှည့်ရန်မရှိဘဲ နောင်တက်လာမည့် အစိုးရနှင့်လက်တွဲ၍ တိုင်းပြည်ကောင်းအောင်လုပ်ဆောင်မည်ဆိုသည့် စိတ်သာရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုဝင်ဘာ ၁၃ ရက်နေ့က ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် အမေရိကန်သံအမတ်ကြီးတို့နှင့်တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။ သီးခြားစီတွေ့ဆုံခဲ့ကြခြင်းဖြစ်ပြီး တွေ့ဆုံစဉ် တိုင်းပြည်ဖွံ့ဖြိုးတက်ရေးကို ဝိုင်းဝန်းလုပ်ဆောင်ကြရာတွင် တပ်မတော်မှလည်း ပူးပေါင်းပါဝင်ရေးတို့အား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ရွေးကောက်ပွဲအပေါ် ထင်မြင်ယူဆချက်များ၊ ရွေးကောက်ပွဲတွင် တပ်မတော်၏ အခန်းကဏ္ဍများနှင့် နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ |
| ၁၀ | ၁၄.၉.၁၅ | The Voice Weekly Vol.11 No.43 Pg (2) Daily Eleven Pg (24, 25) DEMOCRACY Today အတွဲ (၂) အမှတ် (၃၀၈) Pg (22) | ငြိမ်းချမ်းရေး | **တိုက်ပွဲများကြောင့် စစ်ဘေးရှောင်သူ ခြောက်ထောင်ခန့်ရှိလာ အကူအညီများ လိုအပ်**<br><br>အစိုးရတပ်မတော်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/ SSA) တို့အကြားဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် နိုဝင်ဘာ ၁၃ ရက်နေ့အထိ ရှမ်းပြည်တောင်ပိုင်းတွင် စစ်ဘေးရှောင်သူ ခြောက်ထောင်ခန့်နေပြီဟု သိရသည်။ စစ်ရှောင်သူများအတွက် မိုင်းရှူးမြို့ပေါ်တွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးထားကြောင်း၊ စားဝတ်နေရေးအတွက် တစ်လစာဆန်ဖူလုံမှုရှိသော်လည်း နေ့စဉ်ချက်ပြုတ်စားသောက်ရသည့် ခရမ်းချဉ်သီး၊ ကြက်သွန်စသည်တို့လိုအပ်နေကြောင်း၊ ထို့ပြင် ဆေးဝါးနှင့် ခြုံစောင်များလည်း လိုအပ်နေသည်ဟုသိရသည်။ အလားတူ ဝမ်ဟိုင်းနယ်ဘက်တွင်လည်း တိုက်ပွဲများဖြစ်ပွားနေခြင်းကြောင့် ဝမ်ဆော့၊ ဝမ်ထန်ကျေးရွာများမှဒေသခံများ လားရှိုးမြို့ သိရီမင်္ဂလာမန်ဆူရှမ်းကျောင်း၌ လာရောက်ခိုလှုံနေရသည်ဟု သိရသည်။ |
| ၁၁ | ၁၄.၁၁.၁၅ | Daily Eleven Pg (15) | NLD | **ရွေးကောက်ပွဲကုန်ကျစရိတ်များ တင်သွင်းရန်နှင့် အစီရင်ခံစာပေးပို့ကြရန် NLD ထုတ်ပြန်**<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်နယ်/ တိုင်းနှင့် မြို့နယ်အောင်နိုင်ရေးအဖွဲ့များ၊ အလုပ်အမှုဆောင်အဖွဲ့များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်များ တင်သွင်းရန်နှင့် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အစီရင်ခံစာများပေးပို့ကြရန် NLD ဗဟိုအလုပ် |

| | | | | |
|---|---|---|---|---|
| | | | | အမှုဆောင်အဖွဲ့က နိုဝင်ဘာ ၁၃ ရက်နေ့က အကြောင်းကြားစာ ထုတ်ပြန်လိုက်သည်။ ရွေးကောက်ပွဲကုန်ကျစရိတ်များအား ရွေးကောက်ပွဲနည်းဥပဒေများ အခန်း (၁၃) တွင် ပါရှိသောပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသောနေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း တင်သွင်းရမည်ဟူ၍လည်းကောင်း၊ အစီရင်ခံစာနှင့်ပတ်သက်၍လည်း ရွေးကောက်ပွဲနှင့် ပတ်သက်၍ ထူးခြားဖြစ်စဉ်များ၊ ကိုယ်စားလှယ်လောင်းများ၏ ဆောင်ရွက်ချက်များ၊ ပြည်သူလူထု၏ ထောက်ခံရသည့်အကြောင်းနှင့် မထောက်ခံရသည့် အကြောင်းရင်းများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်း အလုပ်အမှုဆောင်နှင့် အောင်နိုင်ရေးအဖွဲ့နှစ်ဖွဲ့ပေါင်း၍ ပြုစုသော အစီရင်ခံစာတို့ကို ဌာနချုပ်သို့ အမြန်ဆုံးပေးပို့ကြရန်ဟု အကြောင်းကြားစာတွင် ရေးသားဖော်ပြထားသည်။ |
| ၁၂ | ၁၄.၉.၁၅ | The Voice Weekly Vol.11 No.43 Pg (32)<br><br>Daily Eleven Pg (24) | ပါတီ | **ဒေါက်တာအေးမောင် ရှုံးနိမ့်ခြင်းနှင့်ပတ်သက်၍ ဝေဖန်မှုများ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပါတီတွင်းစည်းလုံးရေးကို ထိခိုက်နိုင်**<br>ရွေးကောက်ပွဲတွင် ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင် ရှုံးနိမ့်ခဲ့ခြင်းနှင့်ပတ်သက်၍ ဝေဖန်ပြောဆိုနေမှုများသည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပါတီတွင်း စည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်ကြောင်း ရခိုင်အမျိုးသားပါတီက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဒေါက်တာအေးမောင် ရှုံးနိမ့်ခဲ့ခြင်းနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းအကြား အမုန်းစကား ပြောဆိုရေးသားမှုများရှိနေပြီး ပါတီထိပ်ပိုင်းပုဂ္ဂိုလ်အချင်းချင်းသွေးကွဲစေသော ပြောဆိုရေးသားမှုများရှိနေသည်ဟု သိရသည်။ ယင်းနှင့်ပတ်သက်၍ ဒေါက်အေးမောင်က ၎င်းရှုံးနိမ့်ခဲ့မှုအတွက် မဲဆန္ဒရှင်များတွင် အပြစ်မရှိသဖြင့် ပြစ်တင်ပြောဆိုမှုများ မလုပ်ကြရန်နှင့် မဲဆန္ဒရှင်များနှင့် ထိတွေ့မှုအားနည်းခဲ့ခြင်း၊ ပါတီတစ်ခုလုံး၏အောင်နိုင်ရေးကို လုပ်ဆောင်နေရသဖြင့် မဲဆွယ်စည်းရုံးချိန် နည်းပါးခြင်းတို့ကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်း ဆိုသည်။ ထို့ပြင်၎င်းအနေဖြင့် ရခိုင်ပြည် တောင်ပိုင်း၊ မြောက်ပိုင်းဆိုကာ ကွဲပြားနေသည့်အစွဲများကို ဖျောက်ဖျက်လိုသဖြင့် ရခိုင်ပြည်နယ်တောင်ပိုင်းတွင်ရှိသည့် မာန်အောင်မြို့နယ်တွင် သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်ဟုပြောသည်။ |
| ၁၃ | ၁၄.၁၁.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၄၈) p (4) | Other | **ပြည်တွင် PR စနစ် အလိုမရှိကြောင်း ဆန္ဒထုတ်ဖော်သူများနှင့် အခြားအမှုများကိုပါ ထောင်ဒဏ်အသီးသီးချမှတ်**<br>ပြည်မြို့တွင် PR စနစ် အလိုမရှိကြောင်း ဆန္ဒထုတ်ဖော်သူများအား တစ်နှစ်ကျော်ကြာ ရုံးတင်စစ်ဆေးပြီးနောက် ထောင်ဒဏ်လေးလစီချမှတ်ခဲ့ပြီး အခြားဆန္ဒဖော်ထုတ်သူများကိုလည်း ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ တို့ဖြင့် ထောင်ဒဏ်အသီးသီး ချမှတ်လိုက်သည်။ PR စနစ် အလိုမရှိကြောင်း ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်သူ |

| | | | | |
|---|---|---|---|---|
| | | | | များမှာ ဦးမောင်မောင်တိုး၊ ကိုကျော်ဆွေ၊ ဦးဝဏ္ဏ၊ ဦးကျော်ဆန်းနှင့် ကိုမျိုးသူထွဋ်တို့ကို နိုဝင်ဘာ ၁၃ ရက်တွင် ပြည်မြို့ တရားရုံးတွင် အမိန့်ချလိုက်ခြင်းဖြစ်ပြီး ယင်းနေ့မှာပင် ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ တို့ဖြင့် တရားရင်ဆိုင်နေရသော ကိုကျော်ဆွေနှင့် ကိုဝင်းလှိုင်တို့ကိုပါ အမိန့်ချလိုက်ခြင်းဖြစ်သည်။<br>သီဟလွင် |

## ONLINE NEWS

### MILITARY

#### ရွေးကောက်ပွဲကို သံသယကင်းကင်း မှန်ကန်စွာဆောင်ရွက်ခဲ့ကြောင်း ကာချုပ်ပြော

13.11.2015

ကာကွယ်ရေး ဦးစီးချုပ်နှင့်  အမေရိကန်သံအမတ်ဒဲရစ်မစ်ချယ်နှင့်တွေ့ဆုံရာတွင်ရွေးကောက်ပွဲကိုစတင်ဆောင်ရွက်ချိန်မှရွေးကောက်ပွဲကာလ အထိ ဗိုလ်ချုပ်မှူးကြီးမှ မိမိတို့အနေဖြင့် မှန်မှန်ကန်ကန်ဆောင်ရွက်ခဲ့ပြီး သံသယကင်းပါကြောင်း ပြောဆိုခဲ့သည်ဟု ဗိုလ်ချုပ်မှူးကြီး၏ Facebook စာမျက်နှာတွင် ရေးသား ထား သည်။  ဆန္ဒမဲ ရလဒ် အားအတည်ပြုပြီး နောက်ပိုင်း ဆက်လက်လုပ်ဆောင်ရမည့်ကိစ္စရပ်များ၊ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံနိုင်မှုအခြေအနေ၊လက်ရှိအစိုးရလက်ထက်ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှု အခြေအနေများ၊တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်မှုနှင့်ဆက်လက်လုပ်ဆောင်ရန်များ၊ မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် ဆက်ဆံရေး အခြေအနေ၊ အမေရိကန် ပြည်ထောင်စု နှင့် လက်ရှိ အခြေအနေ ထက်  ပိုမိုကောင်းမွန် သည့် ဆက်ဆံရေးရလဒ် ထွက်ပေါ်လာနိုင်မှုတို့အားဆွေးနွေးခဲ့ကြသည်။

http://burma.irrawaddy.org/short-news/2015/11/13/101425.html

### DAW AUNG SAN SU KYI

#### အားလုံးပါဝင်သည့် အစိုးရသစ် ပေါ်လာရေး အိုဘားမားနှင့် ဒေါ်အောင်ဆန်းစုကြည် ဆွေးနွေး

14.11.2015

မြန်မာ ပြည်သူများ၏ ဆန္ဒကို ထင်ဟပ် စေသည့် အားလုံး ပါဝင်သည့် အစိုးရ တစ်ရပ် ပေါ်ပေါက် လာရန်  အရေးကြီးသည်ဟု  သမ္မတ အိုးဘားမားနှင့် ဒေါ်အောင်ဆန်းစုကြည် တို့ တယ်လီဖုန်း ဖြင့် ပြောခဲ့ ကြသည် ဟု အိမ်ဖြူတော် မှ ထုတ်ပြန် ထားပါသည်။ရွေးကောက်ပွဲ ရလာဒ် တရားဝင် ထွက်လာ ခဲ့ပြီး နောက် နိုင်ငံရေး ပါတီများမှ ရလာဒ် အပေါ်လေးစား လိုက်နာကာ အစိုးရသစ် ပေါ်ထွန်း လာရေး ပူးပေါင်း ဆောင်ရွက်ရန် လိုကြောင်း လည်း ဆွေးနွေးခဲ့ သည်။

http://www.bbc.com/burmese

## မေတ္တာကို အခြေခံသည့် နိုင်ငံရေးမျိုး လုပ်ကြည့်လိုကြောင်း ဒေါ်အောင်ဆန်းစုကြည် ပြောကြား

13.11.2015

အခြားနိုင်ငံများတွင်မလုပ်ဖူးသည့်မေတ္တာကိုအခြေခံသည့် နိုင်ငံရေးမျိုးလုပ်ကြည့်လိုသည်ဟု ဒေါ်အောင်ဆန်း စုကြည်က နေအိမ်တွင် အနေ ပညာရှင်များနှင့်တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသွားသည်။ပြောင်းလဲချိန်တန်ပြီဟု ပြောခြင်းမှာ အစိုးရတစ်ခုတည်းကိုသာပြောခြင်းမဟုပ်၊ နိုင်ငံရေးစနစ်တစ်ခုတည်းကို ပြောခြင်း မဟုတ်ဘဲ နိုင်ငံကိုလည်းပြောင်းလဲ ချင်ပြီး လူမှု ရေး စနစ်များ လည်း ပိုပြီး ကောင်းအောင် လုပ်ချင် ကြောင်း လုပ်လို့ရ မည် ဟုလည်း ယုံ ကြည်ကြောင်း ဒေါ်အောင်ဆန်း စုကြည်က ပြောသည်။ နန္ဒ

http://www.7daydaily.com/story/50837

## ELECTION

## အုပ်ချုပ်ရေး အတွေ့အကြုံမရှိသည့် NLD မည်သို့ အစိုးရ ဖွဲ့မည်ကို စောင့်ကြည့်ရမည်ဟု NDF ပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေပြော

14.11.2015

ရွေးကောက်ပွဲတွင် ပြည်သူအများစု ထောက်ခံသည့် ပါတီအနိုင်ရသွားခြင်းသည် ထူးဆန်းသည့် ဖြစ်ရပ်မဟုတ်ဟု NDF မှ ဦးခင်မောင်ဆွေက ဆို သည်။ NLD ပါတီသည် အုပ်ချုပ်ရေး အတွေ့ အကြုံ မရှိသေး သည့် အတွက်အစိုးရဖွဲ့မည်ကို စောင့်ကြည့်ရမည် ဟုလည်းဆိုသည်။ ဦးခင်မောင်ဆွေဦးဆောင်မှ NDF သည်NLD အနိုင်ရခဲ့ခြင်းအတွက်နိုဝင်ဘာ ၁၁ ရက်တွင် ဂုဏ်ယူပါကြောင်းထုတ်ပြန် ကြေညာခဲ့ သည်။NDF သည်လွှတ်တော် ပြင်ပ၌အခြားသောဒီမိုကရေစီအင်အား စု များနှင့် လက်တွဲ ဆောင်ရွက် သွားမည် ပြည်သူ ထောက်ခံသည့် ပါတီ အနိုင်ရသွားပြီးNDF အားပြည်သူမထောက်ခံ တော့သည့် အတွက် အနိုင်မရခဲ့သော်လည်း လွှတ်တော်တွင် နေရာမရှိသောကြောင့်လွှတ်တော်ပြင်ပပါတီ နိုင်ငံရေးကို ဆက်လုပ်သွားမည်ဟု ဦးခင်မောင်ဆွေက ပြောသွားသည်။ ဇော်ခမ်းဟိန်း

http://mizzimaburmese.com/article/7406#sthash.uhX81nVm.dpuf

http://mizzimaburmese.com/article/7406

## ရွေးကောက်ပွဲ အနိုင်ရ တာမိုးညဲ လွှတ်တော်ကိုယ်စားလှယ် သေနတ်အပစ်ခံရ

14.11.2015

ရှမ်းပြည်မြောက်ပိုင်း တာမိုးညဲ မြို့နယ်မှ ရွေးကောက်ပွဲ အနိုင်ရ ပြည်ခိုင်ဖြိုး ပါတီ မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် သည် ယနေ့ နေ့လည်ပိုင်းတွင်တာမိုးညဲမှ ရန်ကုန်သို့ အသွား တာမိုးညဲနှင့်ဂုမိုင်အကြားတွင်ချောင်းမြောင်း ပစ်ခတ်ခံရကြောင်း မြို့ခံတဦးမှ ပြောဆိုသည်။ထိုပစ်ခတ်မှု၌ ဦးမြင့်လွင်မှာထိခိုက် မှု မရှိ သော်လဲ ၊လုံခြုံရေးလိုက်ပါ ပို့ ဆောင် သောပြည် သူစစ် နှစ်ဦး မှာ ဒဏ်ရာများ ရရှိခဲ့ သည်။ပစ်ခတ်မှုတွင် မည်သည့်အဖွဲ့အစည်းမှ ပစ်ခတ်သည် ကိုမူ မသိရရှိရပေ။ တာ မိုး ညဲ၌ NLD ပါ တီ၊SNLD ပါ တီ နှင် တအာင်း(ပ လောင် )ပါတီ တို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ ကြ သည်။

**The Irrawaddy (Burmese Version)**

## မြန်မာ အပေါ် ဒဏ်ခတ်မှု US ရုပ်သိမ်းဦးမည် မဟုတ်

14.11.2015

မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပခဲ့ပြီးတိုးတက် ဖြစ်ထွန်းမှုများ တွေ့နေရသော်လည်း နိုင်ငံရေး၊လူ့ အခွင့်အရေး အခြေအနေများ ကြောင့် အမေရိကန်ပြည်ထောင်စု၏ အရေးယူဒဏ်ခတ်မှုများ ချက်ခြင်း ရုပ်သိမ်းဖို့ရန် မရှိသေးကြောင်း အမေရိကန် မှပြောဆို လိုက်သည် ။နိုင်ငံရေး အခြေအနေများဖြစ်သည့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲ မှုများ ဆက်လုပ် မလုပ် ကိုစောင့်ကြည့် ရဦးမည် ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ လက်ထောက် ပြောခွင့်ရ Mark Toners မှ သောကြာနေ့ သတင်းစာ ရှင်းလင်းပွဲတွင်ပြောဆိုသွားခဲ့ခြင်း ဖြစ်ပါ သည်။မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်ရန်၊လူ့အခွင့်အရေးကို ကာကွယ်ရန် ရခိုင်ပြည်နယ် တွင်ဖြစ်ပွားနေသည့် ပဋိပက္ခများ ဖြေရှင်းရန် မြန်မာအစိုးရကို တိုက်တွန်းသွားမည်ဟု မစ္စတာ Toners က ပြောသွားခဲ့ပါတယ်။

http://burmese.voanews.com/content/state-department-on-myanmar-elections/3057237.html

## PEACE/ARM CONFLICT

### NLD အစိုးရ ဖေါ်ဆောင်မည့် ငြိမ်းချမ်းရေးကို သံသယမရှိဟု KIO ဒု စစ်ဦးစီးချုပ် ဗိုလ်ချုပ် ဂွန်မော်ပြော

14.11.2015

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် NLD အစိုးရ ဖော်ဆောင်မည့် ငြိမ်းချမ်းရေးအပေါ် သံသယမရှိကြောင်း ဗိုလ်ချုပ် ဂွန်မော်က နိုဝင်ဘာ ၁၄ ရက်တွင် ပြောသည်။အစိုးရအသစ် သည် ၂၀၀၈ဖွဲ့စည်းပုံ၏လုပ်ထုံးလုပ်နည်း များနှင့်လွှတ်တော်၏ လုပ်ထုံး လုပ်နည်းများအပေါ် ဆုံးဖြတ်ချက်မည်မျှ အကောင်အထည်ဖော်နိုင်မလဲဆိုသည့် အပိုင်းကိုသတိထားစောင့်မည်ဟု ဆိုသည်။NLD အစိုးရဖွဲ့နိုင်ပါကလက်ရှိငြိမ်းချမ်းရေး ဖြစ်စဉ်တွင်ကောင်းသည့် အရာများကို ဆက်လက် လုပ်ဆောင်ကာ၊ မကောင်းသည်များကို ပိုမိုကောင်းမွန်အောင်NLDမှ ဆောင်ရွက်မည် ဟု ရွေးကောက်ပွဲ မကျင်းပမီ ၁ရက် အလိုတွင် ကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲ တွင် ဖြေကြားထား သည်။ ၎င်းဖြေဆိုချက်ကို ဗိုလ်ချုပ်ဂွန်မော်ကကြိုဆိုခဲ့ပြီး လူထုထောက်ခံမှုဖြင့်ဖြစ်ပေါ်လာသည့်အစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများ လက်ခံဆောင်ရွက်ရန် အဆင့်သင့် ရှိနေသည်ဟုလည်း ပြောသည်။ ဟိန်းကိုစိုး

CDNH မှ ပြုစု ဖြန့်ဝေခြင်းဖြစ်ပါသည်။

http://mizzimaburmese.com/article/7413

## ဖားကန့်မြို့အတွင်း KIA မှ ရှမ်းလူမျိုး (၂) ဦးအား သတ်ဖြတ်ပြီးနောက် မြို့တွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် လက်လုပ်လက်စားများပါမကျန် ကြောက်လန့်၍ ဆက်ကြေးများ ပေးဆောင်ခဲ့ရသည်ဟု ဆို

14.11.2015

ရှမ်းလူမျိုးနှစ်ဦးအား ရက်စက်စွာအသတ်ခံရခြင်းနှင့်ပက်သက်၍ မြစ်ကြီးနားအခြေစိုက်KIO ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးရုံးသို့ စာပို့အကြောင်းကြားထားသော်လည်းတစ်စုံတစ်ရာ ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိကြောင်း၊ ထို့ကြောင့်မြစ်ကြီးနားတွင် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ် ရန် စီတန်းလှည့်လည် ခွင့်ကို သက်ဆိုင်ရာဌာနများသို့ ခွင့်တောင်းထားပြီး ဖြစ်ကြောင်း ရှမ်းမျိုးနွယ်စုရေးရာအဖွဲ့၏ ခေါင်းဆောင် တစ်ဦးထံမှ သိရ သည်။ KIA မှ ဖားကန့်မြို့ပေါ်တွင် ရှမ်းလူမျိုး (၂) ဦးအား ရက်စက်စွာသတ်ဖြတ်ပြလိုက်သဖြင့် ဖားကန့် မြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ကျောက်အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများ၊ ကုန်စုံဆိုင်များနှင့် လက်လုပ်လက်စား အလုပ်သမားများပါ ကြောက်လန့်၍ ဆက်ကြေးပေးဆောင်ရခြင်းကြောင့် KIA/KIO အဖွဲ့မှထိုလအတွင်း ဆက်ကြေးငွေ သိန်း ၂၀၀၀ကျော်ခန့် ရရှိခဲ့လိမ့်မည်ဟုဒေသခံ ကျောက်အရောင်းအဝယ်နှင့် ကုန်စုံဆိုင်လုပ်ငန်း လုပ်ကိုင်သူများ၏ ပြောပြချက်အရ သိရှိရသည်။မနောမြေ မီဒီယာ

By Voice Of Kachin

## ရှမ်းပြည်နယ် မြောက်ပိုင်း ကွတ်ခိုင်မြို့အနီး တိုက်ပွဲများ ပြင်းထန်နေဟု PSLF/TNLA ပြော

14.11.2015

ရှမ်းပြည်နယ် ဝမ်ဟိုင်းနှင့် မိုင်းရှူး ဒေသများတွင် အစိုးရ တပ်များ ယခု ရက်ပိုင်းအတွင်း ထိုးစစ် ဆင်မှုများ ပိုမို များပြားလာခြင်းကြောင့်တည်ငြိမ်မှုမရှိစေရန်တိုက်ပွဲများဖန်တီးနေသည်ဟုပလောင်ပြည်လွှတ်မြောက်ရေးတပ်ဦး PSLF/TNLA ၏ အထွေထွေအတွင်းရေးမှူး မိုင်ဘုန်းကျော်က ပြောသည်။နိုဝင်ဘာလ ၁၄ ရက်တွင်လည်း ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့၏ အနောက်ဘက် ၁၀ မိုင် ကျော်အကွာတွင် တိုက်ပွဲ ဖြစ်ပွားနေသလို၊မန်တုံမြို့နယ်ပန်ကန်းကျေးရွာတွင်လည်း တိုက်ပွဲ ပြင်းပြင်းထန်ထန် ဖြစ်ပွားနေသည်ဟု မိုင်ဘုန်းကျော်က ဆိုသည်။

http://mizzimaburmese.com/article/7411#sthash.Vl1n7oLj.dpuf

## MA BA THA

## မဘသ ဉက္ကဋ္ဌဆရာတော်ကြီး၏ သြဝါဒ

14.11.2015

ဆရာတော်ကြီးမှ မိန့်ကြား ရာတွင် ပြည်သူ့ ဆန္ဒဖြင့် ရွေးချယ် တင်မြှောက်သည်ကို ငြိမ်းငြိမ်း ချမ်းချမ်းဖြင့် ကြို ဆိုကြပါ ရွေးကောက်ပွဲမှာနိုင်သင့်နိုင်ထိုက်သူများ အနိုင်ရခဲ့သည့်အတွက်ဝမ်းသာဂုဏ်ယူကြောင်းကြေညာချက် ထုတ်ပြန်လိုက်ပါသည်။ တစ်ဦးနှင့် တစ်ဦး အမြင် မကြည်မှုများ ကို ရပ်တမ်းကရပ်ပါ၊ဆရာတော်မှ ဒီမိုကရေစီကို လက်ခံ ပါ ကြောင်း

သို့သော်ဒီမိုကရေစီကိုလျှောက်လှမ်းသည့်အခါတွင်ဥပဒေနှင့်အညီလျှောက်လှမ်းကြပါပြသနာဖြစ်လာခဲ့သော် စိတ်လိုက်မာန်ပါ မပြုလုပ်ဘဲ ညှိညှိနှိုင်းနှိုင် ပြုလုပ်ရမည်၊တရားဥပဒေစိုးမိုးမှု အလွန် အရေးကြီးကြောင်းမည်သည့်လူမျိုး ဘာသာ မဆိုတရားဥပဒေအတိုင်းဖြစ်အောင်တာဝန်ရှိသူများမှဆောင်ရွက်ပေးနိုင်လျှင်မည်သည့်ပြသနာမှမဖြစ်ကြောင်းမိန့်ကြားသွားသည်။RFA

https://www.facebook.com/39218993127/videos/vb.39218993127/10153824485683128/?type=2&theater

## မျိုးစောင့်ဥပဒေနှင့် ပတ်သက်၍ နောက်တက်မည့် အစိုးရကို ဦးဝီရသူ ပြော

14.11.2015

ရွေးကောက်ပွဲအနိုင်ရသူများထဲတွင်မျိုးစောင့်ဥပဒေကိုကန့်ကွက်သူများပါဝင်သော်လည်းအစိုးရသစ်အနေဖြင့် ပြည်သူ့ဆန္ဒကို ခြေဖြင့်ဖျက်လိမ့်မည် မဟုတ်ဟု ဦးဂီရသူက မိန့်သည်။ NLD ပါတီအနိုင်ရပါက မျိုးစောင့် ဥပဒေအားပြန်လည်ပြင်ဆင်ဖျက်သိမ်းမည်ကို စိုးရိမ်သည် မဘသ အဖွဲ့ဝင်အချို့၏ ပြောဆိုမှုနှင့် ပတ်သက်၍ ဆရာတော်ဦးဂီရသူက ယခုကဲ့သို့ မိန့်ကြားခဲ့ခြင်း ဖြစ် သည်။ မျိုးစောင့် ဥပဒေကို  ပြဋ္ဌာန်း စေရန် အစိုးရနှင့် ပေါင်းပြီး မတရား သဖြင့် အာဏာနှင့် လုပ်ခဲ့ခြင်း မဟုတ်ဘဲ ပြည်သူလူထု ထောက်ခံ သည့် လက်မှတ် လေးသန်းခွဲဖြင့် တောင်းဆိုပြီး မှ ပေါ်ပေါက်လာခြင်း ဖြစ်ကြောင်း ဦးဝီရသူမှမိန့်ကြား သည်။ ထိုသို့ မိန့်ကြားခဲ့ခြင်း အပေါ် NLD မှ ဦးဉာဏ်ဝင်းတုံ့ပြန်ရာတွင် ဥပဒေပြင်ခြင်း ဖျက်ခြင်းစသည်အားလုံးသည် လွှတ်တော်၏ လုပ်ငန်းသာဖြစ်ပြီးNLD လုပ်ငန်းမဟုတ်ကြောင်းNLDနှင့်မဆိုင်ကြောင်း အစိုးရနှင့် လွှတ်တော် သပ်သပ်စီဖြစ်သည်ကို မကွဲပြားသောကြောင်းဖြစ်ကြောင်းပြန်လည်ပြောခဲ့သည်။ မျိုးသူအောင်

http://mizzimaburmese.com/article/7412#sthash.H99X0fSh.dpuf

## RAKHINE NEWS

## ရွေးကောက်ပွဲနှင့် ရခိုင်တပ်မတော်

19.11.2015

ရခိုင်ပြည်နယ်တွင် ရခိုင်အမျိုးသားများ၏ ကိုယ်ပိုင် အုပ်ချုပ်ရေးနှင့်ဆုံးဖြတ်ခွင့်များ ရစေ ရန်  နိုင်ငံတွင် နောက်တက်မည့် အစိုးရအနေဖြင့်ဒေသခံ ရခိုင်အမျိုးသားရေးပါတီအား ပြည်နယ်ဝန်ကြီးချုပ် ရာထူးကမ်းလှမ်းပေးရန် စဉ်းစားသင့်သည်ဟု AA ရခိုင်တပ်မတော် အရှေ့ပိုင်းဒေသစစ်ရေးတာဝန်ခံ ဒုတိယ ဗိုလ်မှူးကြီး ကျော်ဟန်က ပြောကြား သည်။
**VOA**

## OTHER

## ၈၈မျိုးဆက် နိုင်ငံရေး ပါတီ ထောင်မည်

14.11.2015

၈၈ မျိုးဆက် အင်အားစု များ အနေ ဖြင့် နိုင်ငံရေး ပါတီ တစ်ခု တည်ထောင် သွားရန် ရှိသည် ဟု ဦးကိုကိုကြီးမှ VOA မြန်မာပိုင်းနှင့်တွေ့ဆုံမေးမြန်းရာတွင်ပြောကြားပါသည်။အတိုက်အခံပါတီတစ်ရပ်အနေဖြင့် အစိုးရ၏လုပ်ဆောင်ချက်နှင့် ပတ်သက်ပြီး၊ မှန်တာကို ထောက်ခံပြီး မှားတာကို ဝေဖန်သွားမှာ ဖြစ်တယ်လို့ လည်း ဆိုသည်။        သားညွန့်ဦး

http://burmese.voanews.com/content/generation-of-88-next-step/3057164.html

## မြန်မာနိုင်ငံဆိုင်ရာ မြောက်ကိုရီးယား သံအမတ်ကို အမေရိကန် နာမည်ပျက်စာရင်း သွင်း

14.11.2015

အမေရိကန် ဘဏ္ဍာအခွန်ဝန်ကြီးဌာနမှ မြန်မာနိုင်ငံဆိုင်ရာမြောက်ကိုရီးယားသံအမတ် Kim Sok Chol အားနာမည်ပျက် စာရင်းတွင် ထည့် သွင်း လိုက်ပါသည်။သံအမတ် ကင်မ် သည် အမေရိကန် မှ ပိတ်ဆို့ ကန့်သတ်မှု များပြုလုပ်ထားသည့် Komid ခေါ် မြောက်ကိုရီးယား လက်နက် ကုမ္ပဏီ အတွက် ကြားဝင် ညှိနှိုင်း ဆောင်ရွက် ပေးသူ တစ်ဦး ဖြစ်သောကြောင့် ဟု အမေရိကန် အစိုးရ က စွပ်စွဲ ထားသည်။ BBC Burmese

http://www.bbc.com/burmese